# ၁၈၈၅ ခု၊
# စစ်သိမ်းပစ္စည်းများ (၂)

မကြန်

# ၁၈၈၅ ခု၊ စစ်သိမ်းပစ္စည်းများ (၂)

မကြန်

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲအတွင်း ဗြိတိသျှပြည်သိမ်းတပ်က သိမ်းယူဖျက်ဆီးလိုက်သည့်မြန်မာဘုရင်အစိုးရပိုင် အမြောက်သေနတ် စသည် စစ်လက်နက်ပစ္စည်းများကိုလည်း စစ်သိမ်းပစ္စည်းများတွင် ထည့်သွင်းဖော်ပြလိုပါသည်။ ဂျင်နရယ်ပရင်ဒါဂတ်ဦးစီးသည့်ဗြိတိသျှပြည်သိမ်းတပ်ဖွဲ့အသီးသီးသည် အထက်မြန်မာပြည်သို့ ချီတက်ရာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အမြောက်သေနတ်အမျိုးအမည် အရွယ်အစားအမျိုးမျိုးတို့ကို သိမ်းပိုက်ရရှိကြလေသည်။ သို့သိမ်းပိုက်ဖမ်းဆီးမိသည်တို့ကို အနည်းနည်းအဖုံဖုံ ဖျက်ဆီးသည့်အပြင် ဧရာဝတီမြစ်အတွင်း ရေနက်ရာတို့၌လည်း အများအပြား နှစ်မြှုပ်ပစ်ချခဲ့ကြလေသည်။ မြန်မာ့လက်နက်ကိုင်တပ်များ ဆုတ်ခွာစွန့်လွှတ်ခဲ့ရာ ကတုတ်ခံမြို့အသီးသီးမှ အမြောက်သေနတ်စသည်တို့ကို သိမ်းပိုက်ဖျက်ဆီးပုံများကို ဂျင်နရယ်ပရင်ဒါဂတ်၏နေ့စဉ်မှတ်တမ်း၌ တွေ့ရသည့်အတိုင်း ဖော်ပြပါမည်။

ဗြိတိသျှပြည်သိမ်းတပ်မသည် ၁၈၈၅ ခု၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် နယ်စပ်ကို ဖြတ်ကျော်၍ အထက်သို့ဆန်တက်ခဲ့ကြသည်။ လမ်းခရီး ညောင်ပင်မော်စခန်း၌ ရေတပ်မှတပ်မှူးဒန်ဖိုဒ်သည် အမြောက်ကြီး ရှစ်လက် သိမ်းပိုက်ရမိသည်နှင့်ယင်းစခန်းတွင်ပင် ဖျက်ဆီးပစ်ခဲ့လေသည်။ နိုဝင်ဘာလ ၁၇ ရက်နေ့တွင်ကား ဗြိတိသျှတပ်များနှင့်မြန်မာ့ရဲမက်တော်တို့ မင်းလှခံမြို့၌ အကြိတ်အနယ် အင်အားပြိုင်၍ စစ်ဆိုင်ခဲ့ကြရပေသည်။ ဗြိတိသျှတပ်များက ကြည်းအား ရေအား ချီတက်ကာ စစ်နှစ်ဖက် ညှပ်၍ ဗုန်းအမြောက်သေနတ်တို့နှင့် ဒလစပ်ပစ်ခတ်ကြသည်တွင် မြန်မာရဲမက်များ မင်းလှမှ ဆုတ်ခွာကြရလေသည်။ မင်းလှခံမြို့နှင့်တကွသံသွန်းအမြောက်ကြီး ၉ လက်၊ ကြေးရိုင်ဖယ် အမြောက်ကြီး ၆ လက်နှင့်နံရံကပ်အမြောက်နှစ်လက်တို့လည်း ဗြိတိသျှတို့လက်သို့ ကျရောက်သွားလေသည်။ ယင်းအမြောက်ကြီးငယ် ၁၇ လက်အနက် ၄ လက်ကို **ပန်းသေး**သင်္ဘောတွင် တင်၍ ကျန်လက်နက်တို့ကို **သူရိယ**သင်္ဘောတွင် တင်ဆောင်ယူခဲ့သည်ဟုပရင်ဒါဂတ်၏နေ့စဉ်မှတ်တမ်းတွင် ဖော်ပြထားပါသည်။ စစ်မှတ်တမ်းအရသော် မင်းလှမြို့၌ သိမ်းပိုက်ရမိသည့်အမြောက်ကြီးငယ်များမှာ စုစုပေါင်း ၂၄ လုံး ရှိလေသည်။ **ကုန်းဘောင်ဆက်** တတိယတွဲ စာမျက်နှာ ၇၁၂ တွင်မူ မင်းလှ၌ လက်လွှတ်ဆုံးရှုံးခဲ့ရသည့်အမြောက်ကြီးငယ်ပေါင်း ၃၅ လုံးဟုတွေ့ရပါသည်။ ဗြိတိသျှတပ်များသည် ဆက်လက်၍ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ငွေ့ချောင်းခံမြို့ကို သိမ်းပိုက်ခဲ့ကြပြန်သည်။ ယင်းတွင် စစ်ဆောင်အမြောက်ကြီး ၁၂ လက် ကြေးသွန်းရိုင်ဖယ်အမြောက်ကြီး ၆ လက်၊ နံရံကပ်အမြောက် ၃ လက်တို့လည်း ဗြိတိသျှတို့လက်သို့ ကျရောက်ခဲ့ပြန်သည်။ ငွေ့ချောင်းခံမြို့မှ သိမ်းပိုက်ရမိသည့်အမြောက်ကြီးငယ်တို့ကို **ဧရာဝတီ**သင်္ဘောတွင် တင်ဆောင်ယူသွားကြကာ နောက်ပိုင်းတွင် ရွှိုင်ရယ်အင်ဂျင်နီယာတပ်က ချိုးဖွဲ့ဖျက်ဆီးပစ်လိုက်လေသည်။

ဗြိတိသျှတပ်များသည် ဆက်လက်ဆန်တက်ခဲ့ကြရာ စလေမြို့တွင် မြန်မာရဲမက်တို့စွန့်လွှတ်ခဲ့ရသည့် သံသွန်းအမြောက်ကြီး ၆ လက်ကို လက်ဝယ်ရရှိကြပြန်သည်။ ၁၈၈၅ ခု၊ နိုဝင်ဘာလ ၂၂ ရက်နေ့ ညောင်ဦးကို သိမ်းပိုက်မိသောအခါတွင်မူကား ၁၈ ပေါင်ဒါစစ်ဆောင်အမြောက်ကြီး ၂ လက်၊ ၆ ပေါင်ဒါအဝေးပစ်အမြောက်ကြီး ၃ လက် စသည်တို့အဝင်အပါ စုစုပေါင်းအမြောက် စိန်ပြောင်း ၁၂ လက် ရရှိကြလေသည်။ ယင်းတို့ကို ချိုးဖွဲ့ဖျက်ဆီး၍ မြစ်တွင်း ရေနက်ရာသို့ ပစ်ချလိုက်ကြသည်။ တွေ့ရှိသမျှ အမြောက်ဆံ၊ ကျည်ဆန်များနှင့်ယမ်းများကိုလည်း ဖျက်ဆီးပစ်လိုက်ကြလေသည်။ အလားတူပင် ပခုက္ကူ၌ နိုဝင်ဘာလ ၂၄ ရက်နေ့ သိမ်းပိုက်မိသည့်စစ်ဆောင်အမြောက်ကြီး ၂ လက်နှင့်နှစ်ဆင့်ကွဲကျည်ဆန်ပစ်သံသွန်းအဝေးပစ်အမြောက်ကြီး ၅ လက်တို့ကို မြစ်တွင်းသို့ ပစ်ချဖျောက်ဖျက်လိုက်ကြကြောင်း သိရပေသည်။ ထို့နောက် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မြင်းခြံ၌ အမြောက်ကြီးငယ် ၂၀ လက် သိမ်းပိုက်မိကြပြန်လေသည်။ ယင်းတို့အနက် ၃ လက်ကို **ရူဝံ**သင်္ဘောနှင့်တင်ဆောင်ယူသွား၍ ကျန်လက်နက်များကို ရေတပ်မှ ဖျက်ဆီးလိုက်ကြလေသည်။ သို့သော် နောက်ထပ်တွေ့ရှိသည့်ဗုစ်ဝသ်အမြောက်တစ်လက်ကိုမူ သယ်ဆောင်သွားကြလေသည်။

မြန်မာရဲမက်တို့ကား ဗြိတိသျှတို့အင်အားကို မတွန်းလှန်နိုင်ဘဲ မြစ်ကြောင်းတစ်လျှောက် ဆုတ်ခွာခဲ့ရသော်လည်း အင်းဝ၊ စစ်ကိုင်းနှင့်နေပြည်တော်မှနေ၍ ရင်မြေကတုတ်ပြုကာ အစွမ်းကုန်အားသွန်ခုခံရန် ရည်သန်ခဲ့ကြပေသည်။ သို့သော် "လက်နက်ကို ချ၍ စစ်ကိုလည်း ရုပ်သိမ်းလိုက်ရမည်"ဟု လွှတ်တော်က ကြေးနန်းနှင့်ဆင့်ဆိုသောကြောင့် ဗြိတိသျှတပ်များသည် နိုဝင်ဘာလ ၂၇ ရက်နေ့ အင်းဝကို လွယ်လင့်တကူ သိမ်းပိုက်နိုင်ခဲ့ကြလေသည်။ အင်းဝ၌ မြန်မာတို့ချအပ်လိုက်သော လက်နက်ခဲယမ်းမီးကျောက်တို့မှာ ရှေ့ထိုးသေနတ် ၅၄၆ လက်၊ နောက်ထိုးသေနတ် ၈၇ လက်နှင့်လှံ၊ ဓားအမြောက် အများဖြစ်လေသည်။ ရှေ့ထိုးသေနတ်များကို ဗြိတိသျှတပ်များက မြစ်တွင်း ရေနက်ရာသို့ ပစ်ချနှစ်မြှုပ်၍၄င်း၊ အခြားနည်းများဖြင့်၄င်း ဖျက်ဆီးပစ်လိုက်ကြသည်။ အင်းဝဆင်ကျုံးခံတပ်နှင့်ရင်းရဲကျောက်ဆောင်ဆိပ်တို့မှလည်း ၆ ပေါင်ကျည်ဝင်နှစ်ချက်ပေါက်သံအမြောက်ကြီး ၂၁ လက် သိမ်းပိုက်ရရှိကြလေသည်။ အင်းဝနန်းမြို့တွင်း၌ တွေ့ရှိသည့်အမြောက်ကြီး ၂၅ လက်ကို အမြောက်တင်ရထားများနှင့်တကွ ဖျက်ဆီးလိုက်၍ ဆက်လက်အသုံးပြုနိုင်မည့်စစ်ဆောင်အမြောက်တင်ရထားဘီး ၉ စုံနှင့်သံဝင်ရိုး ၁၀ ခုတို့ကိုမူ အင်ဂျင်နီယာတပ်သို့ ပေးအပ်လိုက်ကြလေသည်။

မန္တလေးနန်းတော်တွင်း၌ သိမ်းပိုက်လိုက်သည့်သံသွန်းအမြောက်၊ ကြေးသွန်းအမြောက်၊ စိန်ပြောင်းကြီးငယ်နှင့်သေနတ်များမှာ စုစုပေါင်း ၁၅၄၆ လက် ရှိလေသည်။ ထို့ပြင် မန္တလေးမြစ်ကမ်းပါးမှာလည်း အဝေးပစ်သံအမြောက်ကြီး ၇ လက် ရရှိကြလေသည်။ မန္တလေးအမြောက်သေနတ်စက်ရုံတွင်မူကား သံသွန်းအမြောက်ကြီး ၃ လက်နှင့်လုပ်ဆောင်ဆဲ ရေမြှုပ်ဗုံး ၁၀ လုံးတွေ့ရှိကြလေသည်။

စစ်ကိုင်းခံတပ်နှင့်ကတုတ် ၂ ခုတို့လည်း နိုဝင်ဘာလ ၂၇ ရက်နေ့ ရန်သူဗြိတိသျှတို့လက်သို့ကျရောက်ခဲ့ပါသည်။ ယင်းတွင် ဗြိတိသျှတပ်များက သံအမြောက်ကြီး ၁၁ လက်၊ ကြေးရိုင်ဖယ်အမြောက် ၃ လက်၊ စိန်ပြောင်း ၅ လက်နှင့်သေနတ် ၃၉၀ သိမ်းပိုက်ရရှိကြလေသည်။ သံအမြောက်ကြီး ၉ လက်နှင့်သေနတ် ၃၉၀ ကို **ဘားမား**သင်္ဘောတွင် တင်ဆောင်ယူသွားကြသည်။ ကျန်အမြောက်စိန်ပြောင်းများကို မြစ်တွင်းသို့ ဖျက်ဆီးပစ်ချကြလေသည်။ နိုဝင်ဘာလ ၂၈ ရက်နေ့ သပြေတန်းခံတပ်မှ သိမ်းပိုက်ရရှိသည့် ၆ ပေါင်ဒါသံအမြောက် ၇ လက်၊ ကြေးရိုင်ဖယ် အမြောက် ၅ လက်၊ အမြောက်ငယ် ၂ လက်နှင့်စိန်ပြောင်း ၁ လက်တို့ကိုမူ **အက်ရှလီအီဒင်**သင်္ဘောနှင့်တင်ဆောင်ယူသွားကြလေသည်။ သပြေတန်းခံတပ်မြောက်ဖက်မှလည်း သံအမြောက်ကြီး ၄ လက်၊ ကြေးရိုင်ဖယ်အမြောက် ၂ လက်၊ အဝေးပစ်အမြောက်ကြီး ၁ လက်နှင့်ကော့စီပူရ် ၁၈၄၇ ခုနှစ်နေ့စွဲပါ ကြေးအမြောက်ကြီး ၁ လက် ရရှိကြလေသည်။ ယင်းတို့ကိုလည်း မြစ်တွင်းသို့ပင် ပစ်ချဖျောက်ဖျက်ခဲ့ကြလေသည်။

ဗြိတိသျှတပ်များသည် ဧရာဝတီမြစ်ကြောင်း ဆန်တက်စဉ်အတွင်း မြန်မာဘုရင်အစိုးရ၏သင်္ဘော ၂ စီးကိုလည်း သိမ်းပိုက်ရရှိခဲ့ကြလေသည်။ နိုဝင်ဘာလ ၁၄ ရက်နေ့ နယ်စပ်ကို ဖြတ်ကျော်ပြီးနောက် ဆင်ပေါင်ဝဲခံတပ်ကို တိုက်ခိုက်ရာတွင် ယင်းဆိပ်ကမ်းရှိ မြန်မာဘုရင်အစိုးရပိုင် **တုလွတ်ယဉ်ကျော်**အမည်ရှိ သင်္ဘောကို မြန်မာအလံပေါ်က အင်္ဂလိပ်အလံ တင်စိုက်လွှင့်ထူလျက် သရက်မြို့သို့ဆွဲယူသွားခဲ့လေသည်။ သင်္ဘောတွင် တပ်ဆင်ပါရှိသည့်အမြောက် ၈ လက်ကို ဗြိတိသျှရေတပ်ဖွဲ့က ဖျက်ဆီးပစ်လိုက်ကြလေသည်။ ထို့နောက် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် တစ်ကြိမ်၊ မြင်းခြံအထက်နားတွင် မြန်မာဘုရင်အစိုးရပိုင် အမြောက် ၆ လက်ပါ သင်္ဘောတစ်စီးကို လက်ရသိမ်းပိုက်နိုင်ခဲ့ကြပြန်သည်။ ယင်းသင်္ဘောမှာ မြန်မာဘုရင်အစိုးရက ဧရာဝတီဖလိုတီလာကုမ္ပဏီထံမှ မကြာသေးမီအတွင်းက အဖိုးငွေ နှစ်သိန်းငါးသောင်းကျပ်ပေး၍ ဝယ်ယူထားသည့်သင်္ဘောဖြစ်သည်ဟုဆိုပါသည်။ သင်္ဘောပါအမြောက် ၆ လက်ကို ဗြိတိသျှရေတပ်ဖွဲ့က ဖျက်ဆီးနှစ်မြှုပ်ပစ်လိုက်ကြလေသည်။

မန္တလေးနေပြည်တော်ကို လက်ဝယ်သိမ်းပိုက်ရရှိပြီးနောက် ဗြိတိသျှတပ်ဖွဲ့အသီးသီးတို့သည် နေပြည်တော်ဝန်းကျင်နှင့်မြန်မာရဲမက်တို့ စစ်တစ်ကြောင်းချီခဲ့ရာ တောင်ငူနယ်ဖက်သို့လည်း ချီတက်လှုပ်ရှားလျက် လက်နက်သိမ်းဆည်းကြလေသည်။ သို့နှင့် ရွှေဘိုမြို့တွင် သံအမြောက်၊ ကြေးအမြောက်ကြီးငယ်တို့ကို အမြောက်တင်ရထားများနှင့်တကွ သိမ်းပိုက်ရရှိခဲ့ကြသည်။ စုစုပေါင်း အမြောက်စိန်ပြောင်း ၁၇ လက်၊ ၅ လက်မခွဲအ

မြောက်ဆံ ၈ ခုနှင့်အမြောက်တင်ရထားဘီး ၂၃ ခုတို့ဖြစ်လေသည်။ ထို့အတူ နင်းကျန်းကို သိမ်းပိုက်ရာ၌ သံအမြောက်ကြီး ၁၅ လက် ရရှိကြ၍ ဗန်းမော်၌ အဝေးပစ်သံအမြောက်ကြီး ၁၁ လက်နှင့်ကြေးအမြောက် ၂ လက်ရရှိကြလေသည်။

ဂျင်နရယ်ပရင်ဒါဂတ်၏ ၁၈၈၅ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့စွဲပါ အစီရင်ခံစာအရသော် သူ၏တပ်များက သိမ်းပိုက်လိုက်သည့်အမြောက်ကြီးငယ်သေနတ်လက်နက်များမှာ ၁၇၄၇ လက်ရှိလေသည်။ သီပေါမင်းကိုနန်းချ၍ မန္တလေးနေပြည်တော်ကို သိမ်းပိုက်ပြီးသည့်နောက် ဆက်လက်ဖမ်းဆီးရမိသည်များနှင့်သော် ၁၈၈၆ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့စာရင်းပိတ်သည်တွင်-

| | | |
|---|---|---|
| မြစ်ကြောင်းတစ်လျှောက် သိမ်းရသည့် | - | ၁၈၉ လက်။ |
| မန္တလေးနေပြည်တော်၌ သိမ်းရသည့် | - | ၁၆၁၁ လက်။ |
| နေပြည်တော်ကို သိမ်းပိုက်ပြီးနောက် | - | ၅၈ လက်။ |

စုစုပေါင်း ၁၈၅၈ လက်ရှိသည်ဟု ကာနယ်ဒဗလျူကေရီက တင်ပြထားလေသည်။

ယင်းသို့ အရပ်ရပ်ဖမ်းဆီးသိမ်းပိုက်ရမိသမျှ လက်နက်ကြီးငယ် ခဲယမ်းမီးကျောက်များကို ဖျက်ဆီးပစ်ရမည်။ သို့မဟုတ် မြစ်တွင်း ရေနက်ရာသို့ ပစ်ချဖျောက်ဖျက်ရမည်ဟုအမိန့်ချမှတ်ချက်ရှိလေသည်။ တပ်မှူးများကလည်း ချမှတ်ထားသည့်အမိန့်အတိုင်း လိုက်နာလုပ်ဆောင်ကြပေသည်။ သို့သော် များစွာသော တပ်ရင်းတို့သည် မိမိတို့သိမ်းပိုက်ရမိသည့်အမြောက်စိန်ပြောင်းအချို့တို့ကို အမှတ်တရသိမ်းဆည်းထားလိုကြလေသည်။ ထိုသို့ တပ်ပစ္စည်းအဖြစ် အမှတ်တရသိမ်းထားလိုသည့်ပစ္စည်းနှင့်သိမ်းထားနိုင်ခွင့်တောင်းခံကြသည့် တပ်ဖွဲ့များမှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်။

(၁)အမှတ် ၂၁-မဒရပ်ခြေလျင်တပ်ရင်း။ ။မြင်းခြံမြို့အောက် မြစ်ကမ်းပါးရှိကတုတ်တစ်ခုမှ သိမ်းပိုက်ရမိသည့်ကြေးအမြောက်တို့အနက်မှ တစ်ခု သိမ်းထားနိုင်ခွင့်တောင်းခံသည်။

(၂)အမှတ် ၂၅-မဒရပ်ခြေလျင်တပ်ရင်း။ ။မြင်းခြံမြို့၌ နိုဝင်ဘာလ ၂၅ ရက်နေ့ သိမ်းပိုက်ရမိသည့်ကြေးအမြောက်ငယ်ကို အမြောက်တင်ရထားနှင့်တကွ သိမ်းထားနိုင်ခွင့် တောင်းသည်။

(၃)အမှတ် ၁၂-မဒရပ်ခြေလျင်တပ်ရင်း။ ။မင်းလှ၌ သိမ်းပိုက်ရသည့်ကြေးအမြောက်ကြီး ၂ လက်ကို သိမ်းထားနိုင်ခွင့်တောင်းသည်။

(၄)အမှတ် ၁-မဒရပ်ရှေ့ဆောင်တပ်။ ။မန္တလေးနေပြည်တော်၌ သိမ်းပိုက်ရမိသည့်ကြေးအမြောက်ကြီး ၂ လက်ကို သိမ်းထားနိုင်ခွင့်။ ဤတပ်ဖွဲ့သည် အင်္ဂလိပ်မြန်မာပထမနှင့်ဒုတိယစစ်ပွဲများတွင်လည်း ပါဝင်ဆင်နွှဲခဲ့သဖြင့် တပ်ဖွဲ့အလံတွင် အဝနှင့်ပဲခူးတံဆိပ်အမှတ်များ ရရှိပြီးဖြစ်သော်လည်း အမှတ်တရ သိမ်းပိုက်ထားရန်ပစ္စည်းများ တစ်စုံတရာမရှိသေးကြောင်းနှင့်သူတို့တောင်းဆိုချက်တွင် ဖော်ပြထားပါသည်။

(၅)အမှတ် ၂၃-ခြေမြန်တပ်ရင်း

(၆)အမှတ်-၂ ဆော်မာဆက်ရှိုင်းယားခြေမြန်တပ်ရင်း။ ။ရွှေမြို့၌ သိမ်းပိုက်ရမိသည့်စိန်ပြောင်းကို သိမ်းထားနိုင်ခွင့် တောင်းသည်။

(၇)ရန်ကုန်ဘော်လံတီယာအမြောက်တပ်။ ။မန္တလေးနေပြည်တော်၌ သိမ်းပိုက်ရမိသည့်အမြောက် ၂ လက်ကို သိမ်းထားနိုင်ခွင့်တောင်းသည်။

ebook is created by **www.ShanYoma.Org**

(၈)ရန်ကုန်ဘော်လံတီယာရိုက်ဖယ်တပ်။ ။ကြေးအမြောက် ၂ လက်၊ ဓားနှင့်လှံအချို့ သိမ်းထားနိုင်ခွင့် တောင်းသည်။

(၉) "ဧရာဝတီ"သင်္ဘောတပ်မှူးကပ္ပတိန် အီးအာရ်ဝဲလ်(စ်)။ ။မြင်းခြံ၌ သိမ်းရသည့်အမြောက်တစ်လက်သိမ်းထားနိုင်ခွင့် တောင်းခံသည်။

ဂျင်နရယ်ပရင်ဒါဂတ်သည် ဖော်ပြပါ တောင်းဆိုချက်များကို ခွင့်ပြုသင့်ကြောင်း အလေးအနက်ထောက်ခံလျက် အိန္ဒိယအစိုးရထံ တင်ပြလေသည်။ ထို့ပြင် လက်ရွေးစင်အမြောက်စိန်ပြောင်း အချို့တို့ကို ဧကရီဘုရင်မကြီးနှင့်သားတော်မြို့စားကြီးများသို့၎င်း၊ အိန္ဒိယဘုရင်ခံချုပ်နှင့်ဘုရင်ခံများ၊ တပ်မှူးကြီးများသို့၎င်း အထိမ်းအမှတ်အဖြစ် အမှတ်တရသိမ်းဆည်းထားရန် ပေးဆက်သင့်ပါသည်ဟုလည်း တင်ပြလိုက်လေသည်။ ဂျင်နရယ်ပရင်ဒါဂတ်၏သဘောမှာ မြန်မာပြည်မှသိမ်းရသော အမြောက်လက်နက်သေနတ်လက်နက်များမှာ ခေတ်မမီတော့သဖြင့် စစ်ရေးအရ လုံးဝအသုံးမဝင်တော့ပြီဖြစ်၍ လက်နက်တိုက်တွင် သိမ်းထားရသော် နေရာပုပ်ရုံသာရှိပေမည်ဟုထင်မြင်သည်။ သို့နှင့် ဖြန့်ဖြူးဝေငှပေးပစ်လိုက်ရန် စာရင်းတစ်ခုလည်း သူ၏အကြံပေးအဆိုပြုချက်နှင့်အတူ ပူးတွဲတင်ပို့လိုက်လေသည်။

ဂျင်နရယ်ပရင်ဒါဂတ်၏ဖော်ပြပါ ဝေငှရေးစာရင်းမှာ အလွန်စိတ်ဝင်စားဖယ် ကောင်းပေသည်။ ယင်းစာရင်းကို လေ့လာသော် အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲအတွင်း ဗြိတိသျှတို့သိမ်းပိုက်ရမိသည့်မြန်မာအမြောက်သေနတ်လက်နက်တို့၏ရာဇဝင်နောက်ကြောင်းကို တစိတ်တဒေသအားဖြင့် တွေ့မြင်နိုင်ပါသည်။ အနည်းငယ်ထုတ်နုတ်၍ သာဓကဆောင်ပါမည်။ ပရင်ဒါဂတ်၏စာရင်းတွင် ဧကရီဘုရင်မကြီးသို့ ဆက်သရန်ဟုဖော်ပြသည့်အမှတ် ၁၀၄(စီ)ကြေးအမြောက်ကြီးသည် တရုတ် သို့မဟုတ် ယိုးဒယားလက်ရာဟုထင်မြင်ရလျက် ခံတွင်းဟထားသောနဂါးကြီးသဏ္ဍာန်ဖြစ်ကြောင်း၊ အမြောက်တစ်ခုလုံးကို ရွှေချထားလျက် "သံတွဲမြို့ သက္ကရာဇ် ၁၁၂၈ ခု"ဟုကမ္ပည်းထိုးထားကြောင်း ဖော်ပြထားပါသည်။ အိမ်ရှေ့စံဝေလမင်းသား အီဒင်ဘာရာမြို့စားနှင့်အိန္ဒိယပြည် ဘုရင်ခံချုပ်တို့သို့လည်း အလားတူ ကမ္ပည်းစာတန်းပါ နဂါးရုပ်အမြောက်ကြီး ၁ လက်စီ ပေးဆက်ရန် လျာထားခဲ့လေသည်။ ထို့ပြင် ကွန်နော့မြို့စားကြီးအတွက် လျာထားသည့်အမြောက်တွင် အာရဘီစာတန်းရေးထိုးပါရှိကြောင်း သိရပေသည်။ အင်္ဂလန်ပြည် ဝုလ်းဝစ်(ချ)လက်နက်တိုက်သို့လည်း အမှတ် ၁၀၄(စီ)နှင့်အလားတူ အမြောက်တစ်လက်နှင့်"သံတွဲမြို့ သက္ကရာဇ် ၁၁၂၈ ခု မဟာဘင် သုတ္တန"ကမ္ပည်းစာတန်းပါ လူ့မျက်နှာသဏ္ဍာန် ကြေးအမြောက်ကြီးတစ်လက်တို့ကို ပေးပို့ရန် လျာထားခဲ့လေသည်။ ဘုံဘေနယ် ဘုရင်ခံအတွက် ရည်မှန်းသည့်အမြောက် ၂ လက်မှာမူ "မြန်မာသက္ကရာဇ် ၁၆၀၁ ခုနှစ်၊ စံဘာဂျက်ပြုလုပ်သည်"ဟုကမ္ပည်းစာတန်းရေးထိုးပါရှိကြောင်း သိရပေသည်။ (မြန်မာသက္ကရာဇ် ၁၆၀၁ ခုမှာ စစ်မှတ်တမ်း ရေးသားပုံနှိပ်ရာ၌ မှားယွင်းဟန်တူပါသည်) ရန်ကုန်ဘော်လံတီယာတပ်သို့လည်း သက္ကရာဇ် ၁၁၂၈ ခု၊ သံတွဲမြို့မှရသည်ဟူသည့်ကမ္ပည်းစာတန်းပါ အမြောက်တစ်လက်နှင့်အခြားတစ်လက်ပေါင်း ၂ လက်ပေးရန် လျာထားသည်။ ဂျင်နရယ်ပရင်ဒါဂတ်ကိုယ်တိုင်မူကား ခြသေ့်အောက်ခံနှင့်ကြေးအမြောက် ၂ လက်၊ သီပေါမင်းလက်သုံးတော်ရိုင်ဖယ်နှင့်ဘလန်ဒါဘတ်သေနတ်တစ်လက်တို့ကို ရယူလိုကြောင်း စာရင်းတွင် တင်ပြထားရာ သီပေါမင်းကိုနန်းချ၍ တိုင်းပြည်ကို သိမ်းပိုက်လိုက်သည့်စစ်ဦးစီးချုပ်၏စိတ်ကူးယဉ်ဟန်ကို သူ၏စာရင်းမှပင် သိမြင်နိုင်ကြပါသည်။ ပြည်သိမ်းတပ်ဖွဲ့အသီးသီး၏တပ်မှူးများနှင့်တိုက်ပွဲပါ သင်္ဘောကပ္ပတိန်များအတွက်လည်း ကြေးအမြောက် ၂ လက်စီ ဖော်ပြပါစာရင်းတွင် လျာထားဖော်ပြထားလေသည်။

စစ်ပွဲ၏အနိုင်အရှုံးအဆုံးအဖြတ်ဖြင့် ရရှိသည့်စစ်သိမ်းပစ္စည်းများကို ပွဲရသူဗြိတိသျှအာဏာပိုင်တို့က မိမိတို့သဘောရှိရာ လုပ်ဆောင်နိုင်သည်။ ချေမှုန်းဖောက်ဖျက်ပစ်နိုင်သည်မှာ သူတို့၏တရားဝင်အခွင့်အလမ်းပင် ဖြစ်ပေသည်။ စစ်သိမ်းရ မြန်မာ့အမြောက်သေနတ်ကြီးငယ်များမှာ ခေတ်မမီတော့၍ စစ်ရေးအရ လုံးဝအသုံးမကျစေတော့ကာမူ မြန်မာများအနေနှင့်သော် ယင်းအမြောက်သေနတ်ကြီးငယ်တို့တွင် ခင်မင်တွယ်တာ စွဲလမ်းညွတ်နူးစရာ၊ သံယောဇဉ်ဖြစ်စရာ၊ ဂုဏ်ယူစရာ နောက်ခံဇာတ်ကြောင်းများနှင့်ပြည့်ဝနေပေသည်။ "သံ

တွဲမြို့ သက္ကရာဇ် ၁၁၂၈ " ကမ္ပည်းစာတန်းပါ အမြောက်ကြီးများသည် ၁၇၆၅ ခုနှစ် ဗဒုံမင်းလက်ထက် ရခိုင်ပြည်ကို နိုင်ငံတော်တွင်း သိမ်းသွင်းအောင်မြင်မှု သမိုင်းနောက်ခံကားကို ထင်ရှားပေါ်လွင်စေလျက် ရှိလေသည်။ ထိုစဉ်က မြန်မာရဲမက်တို့သည် ရခိုင်ပြည်မှအလျားအတောင် ၂၀၊ အဝန်း ၆ တောင်ရှိ အမြောက်ကြီးနှင့် အတူ စစ်ဆောင်အမြောက် ၂၀၀၀၊ စိန်ပြောင်း ၁၀၀၀၊ သေနတ် ၁၀၀၀ သယ်ဆောင်ခဲ့ကြသည်ဟု **ကုန်းဘောင်ဆက်မဟာရာဇဝင်**တွင် တွေ့ရပါသည်။ ထို့ပြင် ဇကရီဘုရင်မကြီးသို့ ပေးဆက်ရန် လျာထားသော ရွှေပိန်းချထားလျက် တရုတ် သို့မဟုတ် ယိုးဒယားလက်ရာဟုထင်ရသည်ဆိုသည့်နဂါးသဏ္ဍာန် အမြောက်ကြီးမှာ ၁၅၉၉ ခုနှစ်၊ ပဲခူးအပျက်တွင် ရခိုင်တို့သယ်ဆောင်ယူသွားသော စစ်သိမ်းပစ္စည်းများပါ အမြောက်ကြီးနှင့် ဆက်စပ်မှုများစွာရှိမည်ဟုတွေးထင်ဖွယ်ရာ ရှိပါသည်။ ထို့အတူ အာရဘီကမ္ပည်းစာပါသည်ဆိုသည့်အမြောက်နှင့်စံဘာဂျက်(စ်)ပြုလုပ်သည်ဟုကမ္ပည်းထိုးထားသည့်အမြောက်တို့သည်လည်း အလွန်စိတ်ဝင်စားဖွယ်ရာကောင်းသည့်သမိုင်းဇာတ်ကြောင်းများကို ပြန်ပြောင်းပြောစရာရှိကြပေမည်သာတည်း။ ထို့ထက် ယင်းသို့ဖျက်ဆီးနှစ်မြှုပ်ပစ်လိုက်သော၊ ဝေငှပေးကမ်းလိုက်သော စစ်သိမ်းရအမြောက်သေနတ်ကြီးငယ်အမျိုးမျိုးတို့သည် များသောအားဖြင့် မြန်မာ့လက်ဖြစ်များ ဖြစ်ကြသဖြင့် ယင်းတို့ကို ထုတ်လုပ်ခဲ့ရာ ရတနာပုံအမြောက်သေနတ်စက်ရုံများ၏ လုပ်ရည်လုပ်အားကို ဖော်ညွှန်းကြသည်ဟုဆိုရပေမည်။

ဂျင်နရယ်ပရင်ဒါဂတ် လျာထားတင်ပြသည့်ဝေငှရေးစာရင်းကို အိန္ဒိယပြည်အစိုးရက ချွင်းချက်မရှိသဘောတူခွင့်ပြုခဲ့ရာ အမြောက်သေနတ်ကြီးငယ်တို့ကို စာရင်းပါ လျာထားချက်အတိုင်း သက်ဆိုင်ရာတို့သို့ ပေးပို့ခဲ့ကြောင်း သိရပါသည်။ ယင်းစစ်သိမ်းအမြောက်သေနတ် လက်နက်တို့ကို လက်ခံရရှိသူပုဂ္ဂိုလ်များ၊ ဌာနများသည် မူလရည်ရွယ်ရင်းအတိုင်း အမှတ်တရသိမ်းဆည်းထားကြ၍ ယခုတိုင် မပျောက်မပျက် ရှိနေကြသေးသလောဟု စောကြောစုံစမ်းသိရသော် အလွန်စိတ်ဝင်စားဖွယ် ကောင်းမည်ဖြစ်ပါသည်။

မကြန်

မှတ်ချက်။ ။၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ၊ အမှတ်(၇၅) ငွေတာရီမဂ္ဂဇင်း စာမျက်နှာ(၁၆၀-၁၆၄)၌လာရှိသောဆောင်းပါးကို ပြန်၍ စာစီရိုက်ထားခြင်း ဖြစ်ပါသည်။